# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၁)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀-၁၂-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ် စတင်ပြေးဆွဲ

နေပြည်တော် ဒီဇင်ဘာ ၁၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် အများပြည်သူလူထုရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထား ခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-လားရှိုးလမ်းပိုင်း ရှိ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ် စက်ခေါင်း(BEL)အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁) ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင် ရထားခရီးစဉ်များကို ယနေ့မှစ၍ ပြေးဆွဲပေးခဲ့ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် စတင်ပြေးဆွဲသည့် အမှတ်(၁၃၁)အဆန်ရထားသည် ဇီးပင်ကြီးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့နောက် ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ပြင်ဦးလွင်မှ ဇီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ်(၁၃၂)အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဇီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ဇီးပင်ကြီးဘူတာမှ ထွက်ခွာလာသည့် အမှတ်(၁၃၁) အဆန်ရထားတွင် ခရီးသည်ဦးရေ ၄၇ ဦး လိုက်ပါစီးနင်းခဲ့ပြီး ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိချိန်တွင် ပြင်ဦးလွင်ခရိုင်မှ




ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရှမ်းအိုးစည်အဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဇီးပင်ကြီး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ဇီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်း လူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ခရီးအစအဆုံး အတွက် ရိုးရိုးတန်း ငွေကျပ် ၅၀၀၀၊ အထက်တန်း ငွေကျပ် ၁၀၀၀၀ ဖြစ်သည်။

ယနေ့ထွက်ခွာသည့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ခရီးသည် ၆၂ ဦး လိုက်ပါစီးနင်းခဲ့ရာ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများတွင် ရပ်တန့်ပေးခဲ့ပြီး နောင်ချိုဘူတာတွင် ဒေသခံပြည်သူများက စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့နောက် နောင်ချိုဘူတာမှ ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ ရောက်ရှိရာ ဂုတ်ထိပ်ဘူတာတွင် ခေတ္တရပ်နားပြီး ဂုတ်ထိပ်တံတားကြီးပေါ်မှ ဖြတ်သန်း၍ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုခြင်း၊ လိုဏ်ဂူများအား ဖြတ်သန်း၍ ရှုမျှော်ခင်းကြည့်နေရာမှ ဂုတ်ထိပ်တံတားကြီးကို နောက်ခံပြု၍ အမှတ်တရဓာတ်ပုံများရိုက်ကြပြီး ဂုတ်ထိပ်ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၅ သို့

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂၀ ရက် ၊ စနေနေ့ ။
မန္တလေး

## ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့သည့် သိပ္ပံပွဲခင်းကို ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် ယခုအခါ သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စွာ ပြန်လည်အသက်သွင်း ကျင်းပနိုင်ရေး ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

ဌာနများအနေဖြင့် သိပ္ပံပွဲခင်းကျင်းပရာတွင် ဘာသာရပ်ဆိုင်ရာ ဌာနများအလိုက် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်းနှင့် ပြခန်းများကို အကောင်းဆုံးပြသနိုင်ရေး ပြင်ဆင်ထားကြရန် တိုက်တွန်းလိုပါကြောင်း။ IR ဌာနအနေဖြင့် သိပ္ပံပွဲခင်းတွင် နိုင်ငံတကာသံရုံးများနှင့် ချိတ်ဆက်၍ ယဉ်ကျေးမှုဖလှယ်ပွဲများပါဝင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသဆိုင်ရာ လေ့လာမှုသုတေသနစင်တာ (Area Studies Research Center)တစ်ခုတည်ထောင်ရန် လိုအပ်ပါကြောင်း၊ ယင်းစင်တာကို တည်ထောင်ခြင်းဖြင့် သိပ္ပံဘာသာရပ်များတွင် သုတေသီများ (researcher) မွေးထုတ်ပေးနိုင်သကဲ့သို့ လူမှုသိပ္ပံနှင့် သက်ဆိုင်သော (area study)တစ်ခုကိုလုပ်နိုင်မည့် researcher များကိုလည်း မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Job Ready Skill သင်တန်းများဖွင့်လှစ်နိုင်ရေး ဘာသာရပ်ဆိုင်ရာများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြစေလိုပါကြောင်း သိပ္ပံပွဲခင်းနှင့် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်းကျင်းပနိုင်ရေး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ပါမောက္ခ(ဌာနမှူး)များက သိပ္ပံပြပွဲကျင်းပနိုင်ရေးနှင့် သင်တန်းများဖွင့်လှစ်နိုင်ရေး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဆရာ၊ ဆရာမကြီးများနှင့်တွေ့ဆုံ၍ ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေး ဆွေးနွေးရာတွင် ဝိဇ္ဇာသိပ္ပံသုတေသန ညီလာခံနှင့် သိပ္ပံပွဲခင်းကို ပူးပေါင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပါမောက္ခ(ဌာနမှူး)များအနေဖြင့် စာတမ်းများ အချိန်မီရရှိနိုင်ရေး တွန်းအားပေးထားရှိစေလိုပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် ထည့်သွင်းသွားရန် စီစဉ်ထားရှိပါကြောင်းနှင့် လိုအပ်သည်များကိုလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိဇ္ဇာသိပ္ပံသုတေသန ညီလာခံကျင်းပရေး ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝိဇ္ဇာသိပ္ပံသုတေသန ညီလာခံနှင့် သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ မတ်လတွင် ကျင်းပစစ်ဆေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၀ )ရက်

၁။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ ဘာသာတွဲများဖြင့် တတိယနှစ် (Grade 12 အဆင့်) တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ် (၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့မှစ၍** ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မိမိတို့ကိုယ်တိုင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သက်ဆိုင်ရာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကျောင်းအုပ်ကြီးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့** နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဒီဇင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များအား ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်ပို့ချရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပုံစံစာအုပ်ဖြည့်သွင်းနည်းများကို စာတွေ့လက်တွေ့သင်ကြား ပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ စုစုပေါင်း ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် သုံးရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ထံမှ သိရသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၉**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအား ယနေ့ နံနက်ပိုင်းမှစတင်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**



အဆိုပါ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအား လိုက်လံကြည့်ရှု စစ်ဆေးရာတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး၊ ရွေးကောက်ပွဲကျင်းပ ဆောင်ရွက်မည့်နေ့ရက်တွင် လျှပ်စစ်မီး လုံလောက်စွာရရှိရေးနှင့် အရန်မီးစက်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု စီမံဆောင်ရွက်ထားရှိစေရေးအတွက် လိုက်လံစစ်ဆေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းတွင် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU) ဆိုက်ကပ်ထားမှုနှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၉

လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံဆောင်ရွက်နေသော သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU)၊ သဘာဝဓာတ်ငွေ့ရည်အား ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit) နှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် သီလဝါဆိပ်ကမ်းရှိ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် Everest Energy Solution Ltd. နှင့် CNTIC Vpower Group Holdings Ltd. တို့မှ တာဝန်ရှိသူများက သန်လျင် ၂၀၀ မဂ္ဂါဝပ်နှင့် သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) အား FSU တွင် သိုလှောင်ထားရှိမှုအခြေအနေ၊ LNG အား ဓာတ်ငွေ့သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုအခြေအနေနှင့် ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းလျာထားရက်များအလိုက် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ် ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရေး ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်နိုင်ရေးနှင့် စက်စွမ်းရည် ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရန်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက အချိန်မီတင်ပြသွားရန် မှာကြားပြီး သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်း MCV ဆိပ်ခံတံတား (Jetty) ပေါ်သို့ သွားရောက်၍ FSU ဆိုက်ကပ်ထားရှိမှုအခြေအနေ၊ FSU တွင် သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်အား ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ပြန်လည် ပြုလုပ်သောစက်ရုံ (Regasification Unit) သို့ ပေးပို့နေမှုအခြေအနေနှင့် LNG အား သဘာဝဓာတ်ငွေ့ ပြန်လည်ပြုလုပ်နေမှု ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

သာကေတနှင့် သန်လျင် LNG သုံး ဓာတ်အားပေးစက်ရုံများ လည်ပတ် မောင်းနှင်နိုင်ရန်အတွက် LNG သိုလှောင်သင်္ဘော FSU သီလဝါဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ခြင်း၊ ပြည်ပမှ LNG တင်သွင်းလာသည့် ပထမဆုံး LNG သင်္ဘော FSU ဘေးတွင် ရောက်ရှိဆိုက်ကပ်၍ LNG ဖြည့်တင်းပေးခြင်း၊ သဘာဝဓာတ်ငွေ့အရည်အား ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit) ကို စမ်းသပ် မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ပထမအဆင့်အနေဖြင့် ၄၀ မဂ္ဂါဝပ် စမ်းသပ်ထုတ်လုပ်သည်။ ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါစီမံကိန်းများမှ စုစုပေါင်းဓာတ်အားပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်၍ ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



ကျိုင်းတုံ ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာန၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည့်ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်းစရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် စားသောက်ဆိုင်လုပ်ငန်းရှင်ပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ရုရှား - မြန်မာ သဘာဝရွက်ဖျန်းမြေဩဇာစက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

## သဘာဝမြေဩဇာ ရွက်ဖျန်းအားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်



နေပြည်တော် ဒီဇင်ဘာ ၁၉

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အထောက်အပံ့အဖြစ် ရုရှားနိုင်ငံ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရုရှား-မြန်မာ သဘာဝရွက်ဖျန်းမြေဩဇာ စက်ရုံ ပန္နက်တင်မင်္ဂလာနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စု အကွက်အမှတ် (၁၆၆၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်တင့်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ FUND RC-Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor Mr. Andrei Lunak နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူ ပြုမည့် အရေးပါသည့်စီမံကိန်းတစ်ခု၏ ကနဦးခြေလှမ်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC-Investment)၏ RUMA Organic ကုမ္ပဏီအနေဖြင့် ပျဉ်းမနားခရိုင် နေပြည်တော် ကောင်စီနယ်မြေတွင် သဘာဝရွက်ဖျန်းမြေဩဇာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ပါကြောင်း။

ဤစီမံကိန်းအပေါ် မိမိတို့ ယာယီသမ္မတက အထူးအလေးထားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပြသရန် အခွင့်အရေး တစ်ရပ်ဖြစ်သည့်အတွက် စက်ရုံကို သတ်မှတ်အချိန်ကာလအတွင်း အမြန်ဆုံး ဆောက်လုပ်နိုင်ရေး အထူး အလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ သဘာဝမြေဩဇာ ရွက်ဖျန်း အားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ် လျှော့နည်းစေမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းမှ အကောင်းဆုံးဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် FUND RC-Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov က မြန်မာစိုက်ပျိုးရေး ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor ဖြစ်သူ Mr. Andrei Lunak က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်၍ သဘာဝရွက်ဖျန်းမြေဩဇာများ ထုတ်လုပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)တွင် ကျင်းပသည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ သမဝါယမကောလိပ် (ဖောင်ကြီး)နှင့် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်းများမှ အကောင်းဆုံး စံပြဆုရရှိကြသော သင်တန်းဆင်း ကျောင်းသူလေးများ၏ "မင်္ဂလာရှိသော နေ့သစ်ဆီသို့" တေးသီချင်း၊ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းသူလေးများ၏ "မင်္ဂလာပါ" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများ ကိုလည်းကောင်း၊ မြန်မာ့သမဝါယမ စတင်ခြင်း (၁၂၁)နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ပြု Video Clip ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက် တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခု ဖြစ်ပါကြောင်း**၊ သမဝါယမဦးစီးဌာနအနေဖြင့်လယ်ယာ ထုတ်ကုန်များကို ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေး၊ ပြည်သူများ၏ စားဝတ်နေရေး ပိုမိုပြည့်စုံမြင့်မားလာစေရေးအတွက် သမဝါယမအသင်း အဆင့်ဆင့်တို့နှင့် အတူတူ ဟန်ချက်ညီညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး "သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူက သမဝါယမ အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက တာဝန်အဆက်ဆက် ထမ်းဆောင်ခဲ့သော ဂုဏ်ပြုခံ အငြိမ်းစားပုဂ္ဂိုလ်များ ကိုယ်စား (အငြိမ်းစား) ဒုတိယဝန်ကြီး ဦးမြင့်စိုးအား အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးစီးဌာနအတွင်း ဂုဏ်ထူးဆောင် ဆုရရှိကြသူများ၊ စွမ်းဆောင်ရည်ဆုရရှိကြသော ဝန်ထမ်းများနှင့် သမဝါယမအသင်းများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဆုရရှိကြသူများ၊ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများမှ အကောင်းဆုံးဆုရရှိကြသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိခဲ့ကြသည့် ဝန်ထမ်းသား သမီးများ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အထူးဆုကံစမ်းမဲပေါက်ကြသော ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းသူလေး များက "သာစွဌာနေရာမည်မြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



ဘားအံ ဒီဇင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြော

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဇေဝင်းက ယာဉ်မှတ်ပုံတင်ခြင်း၊ နှစ်စဉ်သက်တမ်းတိုးခြင်း၊ ယာဉ်ကြံ့ခိုင်မှုရှိအောင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် Quick Win အစီအမံ (၅)ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဥပဒေရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ ပြဋ္ဌာန်းရခြင်းအကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်ပါ စည်းကမ်းချက်များကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့မှ ပြည်သူများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်

ကျောက်မဲ ဒီဇင်ဘာ ၁၉

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်အတွက် ယနေ့နံနက်ပိုင်းက နေပြည်တော်မှ ထွက်ခွာရာ ညနေပိုင်းတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့အား ကျောက်မဲမြို့နယ်ပြည်သူများနှင့် ဝန်ထမ်းများက ကျောက်မဲမြို့ အဝင်မုခ်ဦး၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် ကျောက်မဲမြို့ ကျက်သရေဆောင် ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကိုကျင်းပရာ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဗီဒီယိုကလစ်ကို ဦးစွာဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောက်မဲမြို့အတွက် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀ ၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် ဟန်ထူးဈာန်၊ ဈာဈာန်ဟန်သာ၊ သံသာမိုးသိမ့် ၊ တေးသံရှင် စစ်သွေး ၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရှအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေနှင့် ခတ္တာတို့က သီဆိုဖျော်ဖြေကြပြီး ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကာပျော်ရွှင်စွာအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❁ **ရှေ့ဖုံးမှ**

ယင်းနောက် အမှတ်(၁၃၂)အစုန်ရထားသည် ပြင်ဦးလွင်ဘူတာမှ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ဇီးပင်ကြီးဘူတာသို့ ဆက်လက်ပြေးဆွဲပေးခဲ့သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် အသွား/အပြန်ခရီးစဉ်အတွက် လက်မှတ်ခန့်မှန်းထားအနေဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company )၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား(တစ်စင်းလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား/အပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၂၀၀၀၀ ကျသင့်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)မှ တည်ဆောက်ပြီးစီးခဲ့သော ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL)မြင်းကောင်ရေအား ၁၆၀၀ ရှိသည့် အမှတ် 03 စက်ခေါင်းဖြင့် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားအား စတင်ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်ကို သဘာဝအလှ ရှုခင်းကြည့်များ ကြည့်ရှုနိုင်ရန် RBE ရထားဖြင့် စတင်ပြေးဆွဲပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

သင့်သွေးဖြင့် အသက်ကယ်ပါ။

---

# သာစည်မြို့နယ် ငှက်မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကျင်းပ

**သာစည် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့နံနက်ပိုင်းက ငှက်မင်းကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းကို မိတ်ဆက်ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကော်မတီ(၇)ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။



အဆိုပါ ငှက်မင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းပြောသည်။

**(အပေါ်ပုံ)**

(ဝ၄ဝ)

ဝ-ဝ-ဝ-ဝ-ဝ

---

# မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်လမ်းခုနစ်လမ်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပြည်ထောင်စု အထွေထွေပို့လျှံရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်း ၄၀၀ ကျော်ဖြင့် ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူချောမွေ့ အဆင်ပြေစေရန် Quick Win အစီအစဉ်ဖြင့် ကျေးလက်လမ်း ခုနစ်လမ်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



မင်းဘူး(စကု)မြို့နယ်၌ အဆိုပါ Quick Win အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်းခုနစ်လမ်းအနက် ရေတွင်းကုန်းကျေးရွာအနီးရှိ ဆားဗွက်ချောင်းတံတား ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်ခြင်း၊ ဆင်လမ်းကြီး - ရေတွင်းကုန်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ကျောက်စစ်ပုံ-ကံကုလား ကျေးရွာချင်းဆက်လမ်းကို မြေနီခင်း၍ ပြန်လည်ပြုပြင်ခြင်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကာ ကျန်ရှိသည့် လုပ်ငန်းများအားလုံး သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့် အချိန်မီပြီးစီးရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် မဲရုံများတွင် သွယ်တန်းအသုံးပြုသည့်လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသုံးစွဲထားခြင်း ရှိ/မရှိ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုတို့ကိုစစ်ဆေးစဉ်။ ကိုခန့်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၈

ရက်

သာ လိုတော့သည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်

မန္တလေး ဒီဇင်ဘာ ၁၉

လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ယနေ့မှစတင်၍ ဆောင်ရွက်သည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို နံနက်ပိုင်းမှ စတင်၍ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသူများကို တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ကြသည်။



ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကျော်ကျော်ထိုက်က "ချမ်းအေးသာစံမြို့နယ်မှာ မဲရုံပေါင်း ၇၀ ရှိပါတယ်။ ဒီဇင်ဘာ ၁၈ ရက်ကနေ ၂၇ ရက်အထိ ကြိုတင်မဲပေးခြင်းကို စီစဉ်ဆောင်ရွက်ထားပါတယ်။ ကြိုတင်မဲကို တာဝန်ပေးအပ်ထားတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဆေးရုံတက်ကုသနေရတဲ့ သက်ကြီးရွယ်အိုတွေ၊ လူနာတွေအတွက် ဦးစားပေး ဆောင်ရွက်ထားပါတယ်။ မဲရုံကိုမလာနိုင်တဲ့ သက်ကြီးရွယ်အိုတွေအတွက်ကိုလည်း ကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အိမ်တိုင်ရာရောက်သွားပြီး ကြိုတင်မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုကြိုတင်မဲပေးတာဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပမှာပါ။ အများပြည်သူ တစ်ယောက်ချင်းစီရဲ့ အခွင့်အရေးမဆုံးရှုံးစေဖို့ ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲလာရောက်ပေးသူ ဦးဇော်ဝင်းခိုင်ကလည်း "ကျွန်တော်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ကပါ။ ရွေးကောက်ပွဲနေ့မှာ မဲရုံမှူး တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကြိုတင်မဲလာရောက်ပေးတာဖြစ်ပါတယ်။ မဲရုံကို ရောက်တဲ့အချိန်မှာ အရင်ဆုံးမှတ်ပုံတင်ပြရပြီး လိုအပ်တဲ့စစ်ဆေးမှုတွေ ဆောင်ရွက်ပေးပါတယ်။ မဲပေးရတဲ့အခါမှာလည်း လွတ်လပ်စွာ မဲပေးခဲ့ရပါတယ်။ ဒါကြောင့် ကြိုတင်မဲပေးရမယ့်သူတွေလည်း မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူတစ်ဦးကလည်း "ကျွန်မက ရွေးကောက်ပွဲနေ့မှာ မဲစာရင်းစစ်ဆေးသူအနေနဲ့ တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ ကြိုတင်မဲလာရောက်ပေးတာပါ။ မဲပေးရတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်နဲ့ စနစ်တကျပေးခွင့်ရခဲ့ပါတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မိမိတို့လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ကြရမယ့် ပြည်သူတွေအနေနဲ့ ကြိုတင်မဲပေးလို့ရနေပြီ။ လာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာလည်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေဖို့ မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ကြိုတင် ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာ မဲရုံများတွင် ဆန္ဒမဲပေးနိုင်ပြီဖြစ်၍ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၅၀ တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အသီးသီးတို့မှ ပြန်လည်ပေးပို့လာသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ကြိုတင်မဲလက်မှတ်များကို ယမန်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## လင်းခေးခရိုင် ဟိုမိန်းမြို့နယ်နှင့် လင်းခေးမြို့နယ်တို့ရှိ မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာများအား တွေ့ဆုံ၊ မဲရုံနေရာများနှင့် MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့နယ်နှင့် လင်းခေးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

### ညှိနှိုင်းဆောင်ရွက်

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဟိုမိန်းမြို့နှင့် လင်းခေးမြို့တို့ရှိ မဲရုံများအလိုက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု။



ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။



ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့နယ် လက်ပန်လှ ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။

✻ **စာမျက်နှာ ၂၄ မှ**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ စဥ့်ကူးဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ်မှ စ၍ ဝင်ရောက်တိုက်ခိုက်ကာ မြို့/ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေး အင်အားနည်းသော တပ်စခန်းငယ်များအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက် သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူကိုယ်ကျိုးသုံးစွဲခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားများ အနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် ဥစ္စာပစ္စည်းများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နိုင်ငံစီးပွားတိုးတက်ရေး အထောက်အကူပြုသည့် မြေပေါ်/မြေအောက် သယံဇာတများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ် ၂၄ ရက်တွင် လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတစ်ဝိုက်အား ဩဂုတ် ၂၈ ရက်တွင် လည်းကောင်း၊ ဆည်တော်ကြီး ကျေးရွာနှင့် ရေလှောင်တမံအား နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း အဝေးရောက်ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေး ကူညီမှုများဖြင့် တစ်နေရာပြီး တစ်နေရာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒေသများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု ရရှိထားသည့် တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာ၊ ပြင်ဦးလွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဌာနချုပ်အဖြစ် ဖွင့်လှစ်၍ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ် ထောက်ပံ့မှုများကို ဖြည့်တင်း ဆောင်ရွက်ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ပူးပေါင်း၍ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ကာ မြေပြင်သတင်း ဖော်ထုတ်ပြီး တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအား တိုးတက်မြင့်မားလာမှု၊ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လို စိတ်ပြင်းပြမှု၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်တို့နှင့်အတူ စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ပိတ်ဆို့ရေးအနေဖြင့် သပိတ်ကျင်း-ဝါးဖြူတောင်မှတစ်ဆင့် ဇရပ်ကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့်



အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတားကို တွေ့ရစဉ်။

စာမျက်နှာ ၈ သို့ ✻

* စာမျက်နှာ ၇ မှ

ပိတ်ဆို့ရှင်းလင်းခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကို ထိန်းချုပ်နိုင်ခဲ့ပြီး လိပ်ကျ၊ ချောင်းကြီးနှင့် နွယ်ရုံ တစ်ဝိုက်ကိုလည်း ဆက်လက် ပိတ်ဆို့ထိန်းချုပ်ခဲ့သည်။ ဆက်လက်၍ ရတနာသိင်္ဂီ-နားခါ-ပျဉ်းချောင်း-လမင်းသာ လမ်းကြောင်း၊ ပန်းတင်-မြကန်သာ လမ်းကြောင်း၊ မတ္တရာ-စဉ့်ကူး လမ်းမကြီး ဘယ်/ညာမှ-တရော်ပင်-ညောင်ဝန်း-သာယာကုန်း လမ်းကြောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း-ကျောက်ငှားရေတော်-ရွှေလှေ လမ်းကြောင်းတို့ဖြင့် စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ပန်လှ ကျေးရွာတစ်ဝိုက်အား ဒီဇင်ဘာ ၁၈ ရက်တွင် လည်းကောင်း၊ စဉ့်ကူးမြို့တစ်မြို့လုံးအား ယနေ့တွင် လည်းကောင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် စဉ့်ကူးမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အသက်ကိုပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ် အကြိမ် ၅၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၂ လောင်း၊ လက်နက်မျိုးစုံ ၄၇ လက်၊ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေသော CRPH၊ NUG အမည်ခံ အကြမ်းဖက် အဖွဲ့အစည်းများ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများ ပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိက သွားလာအသုံးပြုလျက်ရှိသည့် အဆိုပါဒေသရှိ ဧရာဝတီတံတား (ရတနာသိင်္ဃ)၊ ကျောက်စရစ်တံတား၊ ဇရပ်ကွင်းတံတားအပါအဝင် လမ်း၊ တံတားကြီးများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ၊ တိုင်းပြည်



အကြမ်းဖက်သောင်းကျန်းသူများက ဧရာဝတီတံတား (ရတနာသိင်္ဃ)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် ဆည်တော်ကြီး ရေလှောင်တမံ၏ ဆည်ရေပိုလွှဲရေတံခါး အဖွင့်/အပိတ် မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်းတံခါးတို့အား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့သည်ကိုတွေ့ရပြီး တပ်မတော်အနေဖြင့် လက်မတင် အချိန်မီတားဆီးထိန်းချုပ်နိုင်ခဲ့သည်။

ယခု ဆုတ်ခွာထွက်ပြေးစဉ်တွင်လည်း ၎င်းတို့ လုပ်ဆောင်နေကျနည်းလမ်းများဖြစ်သည့် ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုး သိမ်းဆည်းထားသောပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ အဆိုပါဒေသအတွင်းရှိ နိုင်ငံတော်၏ သယံဇာတဖြစ်သော တရားဝင်ခွင့်ပြုထားသည့် ရွှေလုပ်ကွက်များအတွင်း အတင်းအဓမ္မ ဝင်ရောက်လုပ်ကိုင်တူးဖော်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်ပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ယူဆောင်ခြင်းများ ပြုလုပ်ကာ ရွှေ/သတ္တု ရောရာမြေစာများနှင့် အဖိုးတန်ပစ္စည်းများအား ယာယီနေရပ်စွန့်ခွာ ပြည်သူများထားရှိခဲ့သည့် မော်တော်ယာဉ်များဖြင့် တင်ဆောင်ကာ ဧရာဝတီမြစ်အား ဖြတ်ကူး၍ ဆုတ်ခွာထွက်ပြေးရန် လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်သတင်း ဖော်ထုတ်ချက်အရ တပ်မတော်စစ်ကြောင်းများက မြေပြင်၊ ဝေဟင် စစ်နည်းဗျူဟာမြောက် ပေါင်းစပ်ချေမှုန်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် အထိနာစွာဖြင့် ဧရာဝတီမြစ် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးစဉ် အစီအစဉ်ပျက်ပြားကာ ဦးတည်ရာမဲ့ ထွက်ပြေးလျက်ရှိပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများကိုလည်း တပ်မတော် စစ်ကြောင်းများက မြေပြင်/ဝေဟင် ပေါင်းစပ်၍ ထက်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိကြောင်းနှင့် စဉ့်ကူးမြို့နှင့် လက်ပန်လှ ကျေးရွာအတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား အမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျောက်စရစ်ကုန်းတံတားအား ပြန်လည်ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ အလောင်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

## အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**မင်းဘူး ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့တွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မိုင်သန္တာထွန်းနှင့် ဦးစီးမှူး ဒေါ်ခင်ဖြူဝင်းတို့က ကလေးသူငယ် အသက်အရွယ်အလိုက် အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်းများ၊ ကလေးသူငယ်များကို ထိန်းချုပ်စေခိုင်းသည့် အခြေအနေနှင့် ပတ်သက်သည်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးသူငယ်များအား ခိုင်းစေခြင်းအား မည်ကဲ့သို့ ကူညီဖယ်ရှားနိုင်သည့် ကိစ္စရပ်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခံရသော ကလေးငယ်များအား ကူညီဖယ်ရှားပြီး ပြန်လည်ကုစားမည့် အကြောင်းအရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး ပြန်လည်ပြုစုပျိုးထောင်မည့် အကြောင်းအရာများကို အုပ်စု(၃)စုဖြင့် ပူးပေါင်းဆွေးနွေးခဲ့ကြကာ အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးသူငယ်များနှင့်ပတ်သက်၍ ကြုံတွေ့နိုင်သည့်အခြေအနေများနှင့် မိမိတို့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြသည်။(ဓါတ်ပုံ)

ထိုဆွေးနွေးပွဲသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကိုယ်စားအဖွဲ့ဝင် ဒေါ်ခင်ဥမ္မာညွန့်နှင့်ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့်လက်ကိုင်အိတ်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး လက်ကိုင်အိတ်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး(Campaign)ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အပေါ်ပုံ)

**နောင်နောင် (ဗိုလ်သန်းမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘိန်းဖြူ ၅၇ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော် ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းမြို့၊ ရွာထောင်(မီးရထား)ရပ်ကွက်၊ ဈေးလမ်းရှိ စိုးလွင်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိုးလွင်နှင့် မခင်ဆွေမြင့်တို့ နှစ်ဦးအား ဘိန်းဖြူ ၁၈ ဒသမ ၃၁၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေအိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် HYUNDAI PORTER II ယာဉ်နှင့်အတူ မိုးမင်းစံနှင့် မျိုးသူရတို့နှစ်ဦးအား ဘိန်းဖြူ ၂၅ ဒသမ ၇၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၆၅ သိန်းအားလည်းကောင်း၊ အလားတူ TOWNACE LIGHT TRUCK ယာဉ်နှင့်အတူ ချစ်ကိုကိုနိုင်နှင့် ခင်မောင်ဇော်တို့နှစ်ဦးအား ဘိန်းဖြူ ၁၃ ဒသမ ၈၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ဒသမ ၀၅ သိန်းအားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်းဘိန်းဖြူ ၅၇ ဒသမ ၉၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၇ သန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ၁၅ ဒသမ ၅၇ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့သည်။

**(အပေါ်ယာပုံ)**

ကွင်းဆက်ဖော်ထုတ်ချက်များအရ ဥတ္တရသီရိမြို့နယ်၊ ကျဲရှင်းကျေးရွာနေ ဘုန်းမြတ်စံ(ခ)သားငယ် (ဖမ်းဆီးရန်ကျန်)နှင့် ချမ်းမြသာစည်မြို့နယ်နေ အောင်နိုင်(ခ)ဖက်တီး(ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ဥတ္တရသီရိမြို့နယ်၊ ဇဝနသီဒ္ဓိရပ်ကွက်နေ တာဝန်ခံသယ်ဆောင်သူ ထွန်းထွန်းနိုင်(ဖမ်းဆီးရန်ကျန်)သည် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ တစ်ဆင့်သယ်ဆောင်ပြီး မန္တလေးမြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**မူဆယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်၊မူဆယ်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ဆင်ဖြူဂိတ်ပေါက်၌ မူဆယ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မူဆယ်မြို့နေ အိုက်ကြိုင်(၃၁)နှစ် မောင်းနှင်လာသည့် ToyoTA CROWN မော်တော်ယာဉ်နှင့် မူဆယ်မြို့နယ်၊ တောင် ရပ်ကွက်နေ ဝေယံထွန်း(၂၇) နှစ်မောင်းနှင်လာသည့် ToyoTA CROWN မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထားတစ်စုံ တစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မူဆယ်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသား တစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဇရပ်ကြီးကုန်းကျေးရွာနေ မြင့်မြင့်ခင်(၅၃)နှစ်၏နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မြင့်မြင့်ခင်အား ရွှေမြို့နယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ဇမ္ဗူ သီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်နေ ဝင်းဦး (၆၀)နှစ်၏နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ နေပြည်တော် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအားနေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းဦးအား ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၂ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်နှစ်ထပ်အဆောက်အအုံနှစ်လုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်းလေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၂ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ မြဝတီ - ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသားငါးဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက် နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံရှစ်လုံး၊ နှစ်ထပ်အဆောက်အအုံသုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း (၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နံ့သာ ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား လုံခြုံရေးတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ပြန်လည်ပြုပြင်ပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၁၉

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်နှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းစေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နံ့သာကားလမ်း မိုင်တိုင်အမှတ် ၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားရှိ တံတားအရှည် ပေ ၃၀၊ အကျယ် ၂၇ ပေခန့်ရှိ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုကြောင့် တံတားကြမ်းခင်း ၂ ပေ ပတ်လည်ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာမှုမရရှိစေရန် တံတားအား သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားကြောင်း သိရသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တံတားပျက်စီးမှုကို ပြုပြင်ကြပြီး ပိတ်ဆို့ထားသည့် သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် တံတားပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီး လူနှင့်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကန့်ဘလူ-စံပယ်နံ့သာ ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား၏မှတ်တမ်းဓာတ်ပုံ။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## ပေါ်တောရက်စ်ကို ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်



**ဘာစီလိုနာ ဒီဇင်ဘာ ၁၉**

ဘာစီလိုနာအသင်းသည် အက်စတွန်ဗီလာအသင်း နောက်ခံကစားသမား ပေါ်တောရက်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းကလည်း ပေါ်တောရက်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ ပေါ်တောရက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဒတ်ချ်တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို နည်းပြ ဆာရီနာဝိဂ်မန်း ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၉**

၂၀၂၅ခုနှစ်အတွက် ဒတ်ချ်တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို အင်္ဂလန်လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြ ဆာရီနာဝိဂ်မန်းက ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် အင်္ဂလန်လက်ရွေးစင်အမျိုးသမီးအသင်းအား ယူရို ချန်ပီယံဆု ဆွတ်ခူးရရှိအောင် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆာရီနာဝိဂ်မန်းသည် ၂၀၂၅ခုနှစ်အတွက် Ballon d'Or အကောင်းဆုံးအမျိုးသမီးနည်းပြဆု၊ FIFA The Best အကောင်းဆုံးအမျိုးသမီးနည်းပြဆု၊ ယခု ဒတ်ချ်တစ်နှစ်တာအကောင်းဆုံး နည်းပြဆုတို့ကို ဆွတ်ခူးခဲ့သည်။ (အောက်ပုံ)

အသက်(၅၆)နှစ်အရွယ်ရှိ ဆာရီနာဝိဂ်မန်းက "ကျွန်မ အခုလို အကောင်းဆုံးနည်းပြဆု ဆွတ်ခူးရရှိတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်မ အခုလို ဆုရရှိတာကလည်း အသင်းကစားသမားတွေရဲ့ ကြိုးစားပေးမှုကြောင့်ပါ" ဟု ပြောသည်။ (NGB)





## ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ နာပိုလီအသင်း တက်ရောက်

**တူရင် ဒီဇင်ဘာ ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ နာပိုလီအသင်းက တက်ရောက်နိုင်ခဲ့သည်။

နာပိုလီအသင်းသည် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့်တွင် အေစီမီလန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းနည်းပြ ကွန်တီက "အခုလို အသင်းအနေနဲ့ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံး ယှဉ်ပြိုင်ကစားပြီး ချန်ပီယံဆုကြီးကို ရယူသိမ်းပိုက်သွားမှာပါ" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဆွာရက်ဇ် အင်တာမိုင်ယာမီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဒီဇင်ဘာ ၁၉**

အင်တာမိုင်ယာမီအသင်းသည် အသင်းတိုက်စစ်မှူး ဆွာရက်ဇ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၇ပွဲကစားကာ ၄၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဆွာရက်ဇ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဂျိမ်းစ်ထရက်ဖို့ဒ် မန်စီးတီးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်စီးတီးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်သည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၇ပွဲ ပါဝင်ကစားထားသည်။

မန်စီးတီးအသင်းထုတ်ပြန်ချက်တွင် "ဂျိမ်းစ်ထရက်ဖို့ဒ် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၁၂-၂၀၂၅<br>ည ၇း၀၀ နာရီ | (၁၂)နယူးကာဆယ် - ချဲလ်ဆီး(၄)<br>(D,W,D,L,W) (L,D,L,W,W) | နယူးကာဆယ် ၂-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၂-၁ နယူးကာဆယ် |
| ၂၀-၁၂-၂၀၂၅<br>ည ၉း၃၀ နာရီ | (၁၃)ဘုန်းမောက် - ဘန်လေ(၁၉)<br>(D,L,L,D,D) (L,L,L,L,L) | ဘုန်းမောက် ၂-၁ ဘန်လေ<br>ဘန်လေ ၀-၂ ဘုန်းမောက် |
| " | (၁၀)ဘရိုက်တန် - ဆန်းဒါးလန်း(၈)<br>(W,W,L,D,L) (L,W,D,L,W) | ——— |
| " | (၂)မန်စီးတီး - ဝက်စ်ဟမ်း(၁၈)<br>(W,W,W,W,W) (D,L,D,D,L) | မန်စီးတီး ၄-၁ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၃ မန်စီးတီး |
| " | (၂၀)ဝုဗ် - ဘရန့်ဖို့ဒ်(၁၅)<br>(L,L,L,L,L) (W,L,L,D,L) | ဝုဗ် ၁-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၅-၃ ဝုဗ် |
| ၂၁-၁၂-၂၀၂၅<br>နံနက် ၀၀း၀၀ နာရီ | (၁၁)စပါး - လီဗာပူး(၇)<br>(L,D,W,W,L) (W,D,D,W,W) | စပါး ၃-၆ လီဗာပူး<br>လီဗာပူး ၅-၁ စပါး |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၁၂-၂၀၂၅<br>ည ၇း၃၀ နာရီ | (၁၉)အိုဗီဒို - ဆဲလ်တာဗီဂို(၈)<br>(L,D,L,D,L) (W,W,L,W,L) | ——— |
| ၂၀-၁၂-၂၀၂၅<br>ည ၉း၄၅ နာရီ | (၂၀)လီဗန်တေး - ဆိုစီဒက်(၁၅)<br>(L,L,W,L,L) (L,W,L,L,W) | လီဗန်တေး ၂-၁ ဆိုစီဒက်<br>ဆိုစီဒက် ၁-၀ လီဗန်တေး |
| ၂၁-၁၂-၂၀၂၅<br>နံနက် ၀၀း၀၀ နာရီ | (၁၆)အိုဆာဆူနာ - အလာဗက်စ်(၁၂)<br>(D,W,W,L,W) (L,W,W,L,W) | အိုဆာဆူနာ ၂-၂ အလာဗက်စ်<br>အလာဗက်စ် ၁-၁ အိုဆာဆူနာ |
| ၂၁-၁၂-၂၀၂၅<br>နံနက် ၀၂း၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် - ဆီဗီလာ(၉)<br>(W,L,L,W,W) (L,W,D,W,L) | ရီးရဲလ်မက်ဒရစ် ၄-၂ ဆီဗီလာ<br>ဆီဗီလာ ၀-၂ ရီးရဲလ်မက်ဒရစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၁၂-၂၀၂၅<br>ည ၉း၀၀နာရီ | (၁၅) အော့စ်ဘတ် - ဝါဒါဘရီမင် (၁၂)<br>(L,W,L,W,L) (W,L,D,L,L) | အော့စ်ဘတ် ၂-၂ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၀-၂ အော့စ်ဘတ် |
| " | (၁၀) ကိုလုံး - ယူနီယံဘာလင် (၈)<br>(L,L,D,D,L) (W,L,L,L,W) | ကိုလုံး ၃-၂ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၂-၀ ကိုလုံး |
| " | (၁၄) ဟမ်းဘတ် - ဖရန့်ဖတ် (၇)<br>(L,W,L,W,L) (L,D,L,L,W) | ဟမ်းဘတ် ၁-၂ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၃-၀ ဟမ်းဘတ် |
| " | (၆) စတုဂတ် - ဟော့ဖန်ဟိမ်း (၅)<br>(L,W,L,W,W) (W,D,W,L,W) | စတုဂတ် ၁-၁ ဟော့ဖန်ဟိမ်း<br>ဟော့ဖန်ဟိမ်း ၁-၁ စတုဂတ် |
| " | (၁၃) ဝုဗ်ဘတ် - ဖရိုင်းဘတ် (၉)<br>(L,L,D,W,W) (W,W,L,W,D) | ဝုဗ်ဘတ် ၀-၁ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၃-၂ ဝုဗ်ဘတ် |
| ၂၁-၁၂-၂၀၂၅<br>နံနက် ၀၀း၀၀နာရီ | (၂) လိုက်ပဇစ် - လေဗာကူဆင် (၄)<br>(W,D,W,W,L) (L,W,L,D,W) | လိုက်ပဇစ် ၂-၂ လေဗာကူဆင်<br>လေဗာကူဆင် ၂-၃ လိုက်ပဇစ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၁၂-၂၀၂၅<br>ည ၁၁း၃၀ နာရီ | (၈)လာဇီယို - ခရီမိုနီ<br>(W,L,W,D,W) (L,L,W,W,L) | လာဇီယို ၃-၂ ခရီမိုနီ<br>ခရီမိုနီ ၀-၄ လာဇီယို |
| ၂၁-၁၂-၂၀၂၅<br>နံနက် ၀၂း၄၅ နာရီ | (၅)ဂျူဗင်တပ် - ရိုးမား(၄)<br>(W,W,L,W,W) (W,L,L,W,W) | ဂျူဗင်တပ် ၀-၀ ရိုးမား<br>ရိုးမား ၁-၁ ဂျူဗင်တပ် |



## ကျောက်ဆည်မြို့နယ် မဲရုံကြိုတင်ပြင်ဆင်ထားသည့်နေရာများနှင့် မဲပေးစက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**ကျောက်ဆည် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာအုပ်စု ရွှေသိမ်တော်ဘုရားဝင်းအတွင်းရှိ ကေသီဦးခမ္မာရုံတွင် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက တာဝန်ရှိသူများနှင့်အတူ ကျေးရွာပြည်သူ ၂၀၀ ဦးနှင့်တွေ့ဆုံပြီး ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိတို့၏အမည်စာရင်းများပါရှိစေရေး ကြည့်ရှုရန်၊ မှတ်ပုံတင်မရှိသေးသူများအား မှတ်ပုံတင်ပြုလုပ်ပေးရန်၊ မဲပေးရမည့်ရက်တွင် မဲရုံသို့လာရောက်၍ မဲပေးကြရန် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်တာဝန်ရှိသူများသည် သင်တောင်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)နှင့် ဓမြကြည်လင်ရပ်ကွက်၊ အ·ထ·က(၃)၌ ပြုလုပ်ထားသည့် မဲရုံအမှတ်(၁) ခင်းကျင်းပြင်ဆင်ထားရှိမှုကို သွားရောက်၍ မဲရုံဥပမိရပ်ကောင်းမွန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခြင်း၊ မဲရုံအတွင်းရှိ ဆန္ဒပြုခန်း အလင်းရောင်ရရှိရေး ဆိုလာမီးအိမ်များ ပြင်ဆင်ထားရှိရန် မှာကြားခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များထားရှိသည့် မြို့တော်ခန်းမ၌ လုံခြုံရေးစုဖွဲ့ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

*－*－*－*

*－*－*－*－*－*

## သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်း စစ်တမ်းများကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်



**မိတ္ထီလာ ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်း မကောင်းရခြင်းအကြောင်းအရာများ မြေပြင်ကွင်းဆင်းစစ်တမ်းများကောက်ယူခြင်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ကြီးကြပ်ပြီး ဒုတိယဦးစီးမှူးများက ဦးဆောင်၍ စိုက်ပျိုးရေးဝန်ထမ်းများက အုပ်စုများခွဲ၍ မြို့နယ်အတွင်း ကျေးရွာများရှိ စိုက်ပျိုးရေးတောင်သူ ၁၆၀၀ ဦးအား ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးတို့အား အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံမရခြင်း၊ မျိုးမကောင်းခြင်း၊ မြေပြုပြင်မှုအားနည်းခြင်း၊ မြေပြုပြင်မှုလိုအပ်ခြင်း၊ လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ် မြေဩဇာပြည့်ပြည့်ဝဝ မထည့်သွင်းနိုင်ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း၊ မိုးကောင်းရေသောက် မိုးရေလုံလောက်စွာမရရှိခြင်း၊ စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ လုပ်သားအခက်အခဲရှိခြင်း၊ ငှားရမ်းခဈေးကြီးခြင်း၊ ကောက်ကွက်ပြည့်မီအောင် မစိုက်နိုင်ခြင်း၊ ပင်ကြားတန်းကြာ အပြည့်မစိုက်နိုင်ခြင်းတို့ကို မြေပြင်ကွင်းဆင်းမေးမြန်း၍ စစ်တမ်းကောက်ယူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

## ကျောက်ဆည်မြို့နယ်၌ ဆောင်းနှံကြာ ၁၂၅၄ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နေရာဒေသအလိုက် ဆောင်းနှံကြာသီးနှံများ စိုက်ပျိုးလျက်ရှိရာ ဇန်နဝါရီလကုန်အထိ ၁၂၅၄ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် တိုက်နယ်(၁၂)ခုရှိပြီး ဆောင်းနှံကြာသီးနှံများကို တိုက်နယ်(၁)မှ ကျေးရွာအုပ်စု ၇ အုပ်စုနှင့် ၂၇၄ ဧက၊ တိုက်နယ်(၄)မှ ကျေးရွာအုပ်စု ၈ အုပ်စုနှင့် ၂၇၃ ဧက၊ တိုက်နယ်(၇)မှ ကျေးရွာအုပ်စု ၁၀ အုပ်စုနှင့် ၅၄ ဧက၊ တိုက်နယ်(၈)မှ ကျေးရွာအုပ်စု ၈ အုပ်စုနှင့် ၅၅၅ ဧက၊ တိုက်နယ်(၁၂)မှ ကျေးရွာအုပ်စု ၇ အုပ်စုနှင့် ၉၈ ဧက စုစုပေါင်း ၁၂၅၄ ဧက ဖြစ်သည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ လျာထားဆောင်းနှံကြာသီးနှံများ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းရေး တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး စိုက်နည်းစနစ်များ၊ အပင်ပြုစုခြင်းများ၊ ပိုးမွှားနှိမ်နင်းခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**

*－*－*－*－*－*



## တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းဆေးကုသ

**သရက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သရက်ခရိုင်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းဆေးကုသခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပေတပင်ကျောင်းတိုက်အတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် သရက်ခရိုင်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင်ဆရာလေးများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**ညောင်ဦး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မင်းနန်သူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းအကြောင်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော ဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ရာ၌ လိုက်နာရမည့်အချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏တာဝန်နှင့် ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်မ,တည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ပံ့ပိုးပြီး စီမံကိန်းအသင်းသား၊ အသင်းသူများကို စုဖွဲ့၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားသော ဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်စေမည်ဖြစ်ကြောင်းနှင့် တိုးပွားလာသော စီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(၄၄၅)**





## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ




**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး၊ မဟာမြိုင်(၁) ရပ်ကွက်နေပြည်သူများ စုပေါင်း၍ (၃၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ပြာသိုလဆန်း ၁ ရက် နံနက် ၄နာရီခွဲက သိပ္ပံလမ်းနှင့် ဖိုလမ်းထောင့်တွင် ကျင်းပသည်။ ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထု ငွေကျပ် ၁၁၀၀၀၀ နှင့် စာရေးတံမဲ ၁၁ မဲကို ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ လစဉ်-လဆန်း ၁ ရက်တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော ကောင်းထက်မဟာမိသားစုများ၊ ကာဗာတိုင်းပြည်မိသားစုများ၊ ဦးအောင်သန်းလှိုင်+ ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင် ရွှေသစ်ပင် Hotel မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး မိခင်ကြီး ဒေါ်တင်ရီအား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဖခင်ကြီး ဦးချိန့်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ သား မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နှမ တစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး ပန်တော်ဦးအမျိုးသမီးအဆောင် မိသားစုများ၊ ဖခင်ကြီး ဦးစိန်လင်း၊ ဦးဇော်လင်းတို့အား ရည်စူး၍ ဒေါ်နေဇာသိမ့်သိမ့်လင်း သဇင်နီဗွာန်ကုန်ဆိုင်မိသားစု၊ ရပ်ကွက်နေမိဘပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၀)

## ရောဝတီမြစ် မန္တလေးဆိပ်ကမ်းတွင် ရေနည်းသတိပေးမှတ်အောက်သို့ ကျဆင်းလာ



**မန္တလေး ဒီဇင်ဘာ ၁၉**

မြစ်ရေနည်းချိန်ဖြစ်လာသည့်အတွက် ဧရာဝတီမြစ် မန္တလေးဆိပ်ကမ်းတွင် ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက် ၃၄၅ စင်တီမီတာသို့ရောက်ရှိလာကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြစ်ရေတိုင်းထွာချက်များအရ သိရသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၅ရက်က ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၁၅ ရက်က မန္တလေးဆိပ်ကမ်း၏ ရေနည်းသတိပေးမှတ်ဖြစ်သည့် ၃၆၀ စင်တီမီတာအောက် ၁၅ စင်တီမီတာ ကျဆင်းလာခဲ့သည်။

ပုံမှန်အားဖြင့် မြစ်ဖျားပိုင်းဒေသတွေမှာ မုတ်သုံလေဆုတ်ခွာပြီးချိန်မှာ မိုးလျော့နည်းသွားတဲ့အတွက် အောက်တိုဘာလကစပြီး မြစ်ရေက တဖြည်းဖြည်းကျဆင်းလာလေ့ရှိပါတယ်။ မြစ်ရေက အတက်အကျနဲ့ မငြိမ်ဘူး။ ခုဒီဇင်ဘာ လလယ်မှာတော့ မြစ်ရေက မန္တလေးဆိပ်ကမ်းရဲ့ ရေနည်းသတိပေးမှတ်အောက်ထိ ကျဆင်းလာပါတယ်ဟု မိုး/ဇလ (အထက်မြန်မာပြည်ဌာနခွဲ)မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေအမှတ်များမှာ ဒီဇင်ဘာ ၅ ရက်တွင် ၃၉၅စင်တီမီတာ၊ ၁၀ ရက်တွင် ၃၈၄ စင်တီမီတာ၊ ၁၅ ရက်တွင် ၃၆၀ စင်တီမီတာနှင့် ၁၉ ရက်တွင် ၃၄၅ စင်တီမီတာဖြစ်ကြောင်း လာမည့်ရက်များတွင် လက်ရှိရေမှတ်အောက်သို့ အနည်းငယ်ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းမှ အောက်ဘက်သို့ စီးဆင်းလာခြင်းဖြစ်ရာ ထိုဒေသများနှင့် ဖြတ်သန်းစီးဆင်းရာဒေသများ၌ မိုးရွာသွန်းမှုမရှိတော့၍ မြစ်ရေမှာ အကျဘက်သို့ ရောက်ရှိလာကြောင်း၊ မြစ်ရေကျဆင်းချိန်တွင် သောင်များဖြစ်ထွန်းခြင်းကြောင့် မြစ်ကြောင်းသွားရေယာဉ်များ ဘေးကင်းစွာသွားလာနိုင်ရန် ဂရုစိုက်ရန်လိုအပ်ကြောင်း သိရသည်။

မြစ်ရေကျဆင်းလာတော့ ရေယာဉ်တွေဘေးကင်းဖို့ ရေလမ်းပြအမှတ်အသားတွေ ကမ်းနီး၊ ကမ်းဝေး အမှတ်အသားတွေစသဖြင့် ပြသပေးထားပါတယ်။ ကုန်တင်တဲ့အခါမှာလည်း သတ်မှတ်ရေစူးအတိုင်းသာ တင်ဆောင်မောင်းနှင်မှသာ ဘေးကင်းမှာဖြစ်ပါတယ်ဟု ရေလမ်းညွှန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေလမ်းညွှန်ဌာနခွဲမှ မြစ်ရေနည်းချိန်နှင့် မြစ်ရေများချိန်တို့တွင် ရေလမ်းသတိပေးချက်များ ထုတ်ပြန်ပေးလေ့ရှိပြီး ရေယာဉ်မောင်းသူများအနေဖြင့် လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## တောင်သူအကျိုးပြုလုပ်ငန်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၉**

စက်မှုလယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ နည်းပညာသစ်ကိရိယာများကို သိရှိကိုင်တွယ်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၇၁) စက်မှုလယ်ယာစခန်းက ကြီးမှူးဆောင်ရွက်သည့် ကောက်ရိုးထုံးစက်ကိရိယာ (Round Baler) နှင့် ရိုးပြတ်ရိတ် စက်ကိရိယာ (Rotary Mulcher) အသုံးပြု၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မြို့သစ်မြို့နယ်၊ ကိုရံ(တောင်) ကျေးရွာကွင်းအမှတ် (၁၃၈၃)ရှိ တောင်သူ ဦးသောင်းတင်၏ လယ်မြေ သုံးဧကအတွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က နည်းပညာသစ်ကိရိယာများကို အသုံးပြုခြင်းဖြင့် တောင်သူများ လယ်ကွင်းအတွင်းရှိ ကောက်ရိုးများအား ကောက်ရိုးထုံးစက်ကိရိယာ (Round Baler)ကို အသုံးပြု၍ ကောက်ရိုးများ အမြန်သိမ်းဆည်းနိုင်သဖြင့် အလွယ်တကူ မြေပြုပြင်နိုင်ခြင်း၊ နွားစာကောက်ရိုးများကို မီးရှို့ရန်မလိုဘဲ အမိုးအကာအောက်တွင် စနစ်တကျထားသိုသိမ်းဆည်းနိုင်ခြင်းတို့ကြောင့် နွားစာအဖြစ် ကောက်ရိုးများ ပြန်လည်ရောင်းချခြင်းဖြင့် ဈေးကောင်းရရှိ၍ မိသားစုအပိုဝင်ငွေတိုးပွားနိုင်ကြောင်း စသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး ကွင်းသရုပ်ပြပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့သစ်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့သစ်မြို့နယ်ရှိ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

(အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေစေရန် သင်တန်းများဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ၄င်းနောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ကြပြီး သင်တန်းနည်းပြများအား မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးက အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။



အခမ်းအနားသို့ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးနှင့် အပ်ချုပ်စက်သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ ဦးအား နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၉၅)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ဆီးဖြူသီးပျားရည်စိမ်**

၁။ ကိုယ်ခံစွမ်းအားကို ကောင်းစေတယ်။

၂။ နှလုံးကျန်းမာရေးအတွက် ကောင်းစေတယ်။

၃။ ဝမ်းမှန်စေတယ်။

၄။ အမြင်အာရုံကို ကောင်းစေတယ်။ ကြည်လင်လန်းဆန်းစေတယ်။

၅။ အသားအရေကို စိုပြည်ဝင်းပစေတယ်။



**ငှက်ပျောစေး**

ငှတ်ထိုး၊ ထိခိုက်ဒဏ်ရာရကာ သွေးထွက်သံယိုအနာတရဖြစ်ပါက ငှက်ပျောပင်ကို ခုတ်လိုက်ပါ။ အစေးများထွက်လာပါမည်။ ထိုအစေးဖြင့် ဒဏ်ရာကို သုတ်လိမ်းပြီး အဝတ်စည်းထားလိုက်ပါ။ သွေးတိတ်သွားပါမည်။ နှစ်ရက်၊ သုံးရက်ကြာလျှင် အနာကိုဖြည်ကြည့်ပါ။ အနာကျက်ပြီး ဒဏ်ရာပျောက်ကင်းနေသည်ကို တွေ့ရပါလိမ့်မည်။



**ငရုံ့ပတူပင်**

ငရုံ့ပတူပင်ဟာ အမြင့် လေးတောင်မှ ခုနစ်တောင်အထိရှိပြီး အရွက်မှာ ခြောက်လက်မမှ ၁၀ လက်မအထိ ရှည်ပါတယ်။ အရွက်ရဲ့အောက်ဘက်မှာ ဖြူပြီး အပေါ်ဘက်မျက်နှာက အနည်းငယ်နီပါတယ်။ အသီးမှည့်သောအခါ နီရာမှ အညိုရောင် ဖြစ်တတ်ပါတယ်။ ငရုံ့ပတူပင်မှာ အဖြူနဲ့ အနီဟူ၍ နှစ်မျိုးရှိပါတယ်။ သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလများတွင် အပွင့် ပွင့်ပါတယ်။ သဘာဝပေါက်ပင်တစ်မျိုးဖြစ်ပါတယ်။

ငရုံ့ပတူ၏အရွက်နှင့် အမြစ်သည် ခါး၏။ တွန့်ရှုံ့စေတတ်၏။ အစေးသည် လူပျိုနာကြောင့်ဖြစ်သော အဆစ်ရောဂါ၌ အကျိုးပြု၏။ အမြစ်သည် ပန်းနာ၊ ရင်ကြပ်၊ ချောင်းဆိုး၊ ကျပ်တီးနာများ၌ အသုံးပြုကြ၏။

အရွက်နှင့်အကိုင်းအခက်သတ္တုရည်ကို ထောပတ်နဲ့ရော၍ အနာမီးလျှံနာ၌ လိမ်းပေးပါက ပျောက်ကင်းပါတယ်။

အဆုတ်ကြောင့်ဖြစ်သော အဆုတ်နာများဖြစ်ပါက အမြစ်ကို ပျစ်ပျစ်သွေးပြီး ချင်းခြောက်မှုန့်နဲ့သင့်သလိုရောစပ်၍ ရေနွေးနဲ့ဖျော်ပြီးသောက်ပါက ပျောက်ကင်းစေပါတယ်။

အမြစ်ကို ပျစ်ပျစ်သွေးပြီး နှမ်းဆီနဲ့ရောဖျော်၍ တစ်ကိုယ်လုံးကိုလိမ်းပေးပါက အလုပ်ပင်ပန်း၍ အားအင်ကုန်ခန်းသောရောဂါပျောက်ကင်းစေပါတယ်။

ငရုံ့ပတူရွက်၏သတ္တုရည်ကိုလည်းကောင်း၊ ပြုတ်ရည်ကိုလည်းကောင်း ထမင်းစားဇွန်းသုံးဇွန်းခန့်တွင် ဆားပဲဝက်ခန့်ထည့်ပြီး တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ သောက်ပေးပါက ပန်းနာ၊ ရင်ကြပ်၊ ချောင်းဆိုးခြင်းများ သက်သာပျောက်ကင်းစေပါတယ်။

ငရုံ့ပတူရွက်ကို ထန်းလျက်နဲ့ပြုတ်သောက်ပါက မီးယပ်သွေးအကြွင်းအကျန်များ၊ မီးယပ်သွေးခဲနာ၊ မီးယပ်ရောဂါအမျိုးမျိုးကို စင်ကြယ်စေပါတယ်။

လေနာ၊ ချောင်းဆိုးနာ၊ ချောင်းဆိုးသွေးပါတို့ ဖြစ်ပါက ငရုံ့ပတူရွက်ကို ပြုတ်ပြီး သုပ်စားပေးပါက ပျောက်ကင်းပါတယ်။

ဝမ်းဖောဝမ်းရောင်၊ ဝမ်းပျက်ရောဂါများအတွက် ချင်းနဲ့ ငရုံ့ပတူရွက်ကို ဟင်းချိုချက်သောက်ပေးပါက ပျောက်ကင်းပါတယ်။

အနာမန်းကြီးဖြစ်ပါက ငရုံ့ပတူပင်ရဲ့ ပဋ္ဌငါးပါးသတ္တုရည်ကို ဂွမ်းနဲ့ဆွတ်ပြီး အုံပေးပါက မန်းကိုသက်သာစေပါတယ်။ အနာကြောင့်ရောင်ရမ်းခြင်းကိုလည်း သက်သာစေပါတယ်။

ဒူလာပါဒရက်ရောဂါဖြစ်ပါက ငရုံ့ပတူမြစ် ၁၀ ကျပ်သားကို နုပ်နုပ်စဉ်းပြီး ထန်းလျက် ငါးလုံးနဲ့ ဖန်ပုလင်းထဲသို့ ရေအပြည့်ထည့်၍ အဖုံးကို ပိတ်ပြီး နေသုံးရက်လှန်းထားပါ။ ထို့နောက် လက်ဖက်ရည်သောက်ပန်းကန်နဲ့ တစ်ဝက်မှ တစ်ပန်းကန်အထိ တစ်နေ့သုံးကြိမ်သောက်ပေးပါက ဒူလာပါဒရက်၊ ဆီး၊ ဝမ်း၊ လေနဲ့ အညောင်းအညာ၊ အကိုက်အခဲရောဂါများ ပျောက်ကင်းပါတယ်။

ဓာတ်တိုးပစ္စည်းတွေကြောင့် ခန္ဓာကိုယ်က ဆဲလ်တွေကို ထိခိုက်မှုကင်းစေဖို့ဆိုရင် ငရုံ့ပတူရွက်ကို စားပေးလို့ရပါတယ်။

ဓာတ်တိုးဆန့်ကျင်အာနိသင် ကြွယ်ဝစွာပါဝင်သောကြောင့် တစ်သျှူးတွေနဲ့ ဆဲလ်တွေမပျက်စီးအောင် ကာကွယ်ပေးပြီး နာတာရှည်ရောဂါတွေနဲ့ကင်ဆာမဖြစ်စေဖို့ ကာကွယ်ပေးပါတယ်။

ငရုံ့ပတူရွက်က ခန္ဓာကိုယ်ကိုအကျိုးပြုတဲ့ ဘက်တီးရီးယားတွေကို အားဖြည့်ပေးပြီး ခန္ဓာကိုယ်ကိုထိခိုက်စေတဲ့ ဘက်တီးရီးယားတွေကို တိုက်ထုတ်ပေးနိုင်ပါတယ်။

အာရုံကြောဆိုင်ရာ ကျန်းမာရေးပြဿနာတွေဖြစ်တဲ့ အယ်လ်ဇိုင်းမား၊ ပါကင်ဆန်လိုမျိုး ကျန်းမာရေးပြဿနာတွေကင်းစေဖို့ ငရုံ့ပတူရွက်ကို စားပေးရပါမယ်။ ဓာတ်တိုးဆန့်ကျင်အာနိသင်တွေ ပါဝင်နေသောကြောင့် အာရုံကြောထိခိုက်မှုကို ကာကွယ်ပေးနိုင်ပါတယ်။ ဗိုင်းရပ်စ်တွေကြောင့်ဖြစ်တဲ့ ကျန်းမာရေးပြဿနာတွေကို ကာကွယ်ဖို့အတွက်လည်း ငရုံ့ပတူရွက်ကို စားပေးလို့ ရပါတယ်။

ထိခိုက်မှုကြောင့်ဖြစ်ဖြစ်၊ ပိုးဝင်ကူးစက်မှုကြောင့်ဖြစ်ဖြစ် အရေပြားပေါ်မှာဖြစ်တဲ့ ရောင်ရမ်းမှုတွေ၊ ကိုယ်တွင်းက ရောင်ရမ်းမှုတွေကိုပါ သက်သာစေဖို့ ငရုံ့ပတူရွက်ကို စားပေးပါ။

ငရုံ့ပတူရွက်ဟာ အသည်းက အဆိပ်အတောက်တွေကို ထိထိရောက်ရောက် ဖယ်ရှားပေးနိုင်ပါတယ်။

ငရုံ့ပတူရွက်က အဝမလွန်စေဖို့လည်း ကာကွယ်ပေးနိုင်သလို ဆီးချိုအပါအဝင် နာတာရှည်ရောဂါတွေမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။

သွေးတိုးသက်သာစေဖို့နဲ့ သွေးတိုးကာကွယ်ဖို့ဆိုရင် ငရုံ့ပတူရွက်ကို စားသုံးပေးသင့်ပါတယ်။



**ပဲတောင့်ရှည်**

ပဲတောင့်ရှည်က ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိတဲ့ အာဟာရပြည့်ဝတဲ့ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပါတယ်။

၁။ **အာဟာရဓာတ်များစွာ ပါဝင်တယ်။**

ဗီတာမင်စီပါဝင်သောကြောင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေကာ ဆန့်ကျင်ဓာတ်(အင်န်တီအောက်ဆီးဒင့်)အဖြစ် ဆောင်ရွက်ပေးသောကြောင့် ဆဲလ်တွေပျက်စီးမှုကို ကာကွယ်ပေးပါတယ်။

ဗီတာမင်အေပါဝင်သောကြောင့် မျက်လုံးကျန်းမာရေးအတွက် ကောင်းမွန်စေပြီး အသားအရေနဲ့ အမြှေးပါးတွေရဲ့ ကျန်းမာရေးကို ထိန်းသိမ်းပေးပါတယ်။

ဖောလိတ်၊ ဗီတာမင်ဘီနိုင်းပါဝင်သောကြောင့် သွေးနီဥဆဲလ်တွေထုတ်လုပ်ရာမှာ အရေးပါပြီး ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ကလေးငယ်ရဲ့ ဦးနှောက်နဲ့ အာရုံကြောစနစ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုပါတယ်။

သံဓာတ်ပါဝင်သောကြောင့် သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပေးပြီး ခန္ဓာကိုယ်အနှံ့ အောက်ဆီဂျင်သယ်ဆောင်ရာမှာ ကူညီပေးပါတယ်။

၂။ **ကိုယ်အလေးချိန်ထိန်းညှိရာမှာ အထောက်အကူပြုတယ်။**

ပဲတောင့်ရှည်ဟာ ကယ်လိုရီပါဝင်မှုအလွန်နည်းတဲ့ အစားအစာဖြစ်သောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အထူးသင့်လျော်ပါတယ်။

အမျှင်ဓာတ်မြင့်မားစွာ ပါဝင်သောကြောင့် ဗိုက်ပြည့်စေပြီး အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

၃။ **ရောဂါအမျိုးမျိုးကို ကာကွယ်ပေးတယ်။**

အမျှင်ဓာတ်နဲ့ ပိုတက်ဆီယမ်ဓာတ်တို့ ပါဝင်သောကြောင့် မကောင်းတဲ့ ကိုလက်စထရောကို လျှော့ချပေးပြီး သွေးဖိအားကို ထိန်းညှိပေးနိုင်သောကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ပဲတောင့်ရှည်ဟာ (Blood Sugar Regulation) နည်းပါးတဲ့ အစားအစာဖြစ်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မြင့်တက်စေခြင်းမရှိဘဲ ဆီးချိုရောဂါရှိသူတွေအတွက် အသင့်လျော်ဆုံး ဓာတ်စာတစ်မျိုးဖြစ်ပါတယ်။

အင်န်တီအောက်ဆီးဒင့် ပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ဆဲလ်ပျက်စီးမှုကို ကာကွယ်ပေးနိုင်သောကြောင့် အချို့သော ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

၄။ **အရိုးနဲ့ ကြွက်သားများအတွက် အကျိုးပြုတယ်။**

ကယ်လ်ဆီယမ်နဲ့ မီးစုန်းဓာတ် ပါဝင်သောကြောင့် အရိုးနဲ့သွားတွေကို သန်မာစေပြီး အရိုးပါးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ကြွက်သားတွေ ကြီးထွားဖို့နဲ့ ပြုပြင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ပရိုတင်းဓာတ်အသင့်အတင့်ပါဝင်ပါတယ်။



**ဆွမ်းမွှေးရွက်**

၁။ **သွေးတိုးကျစေတယ်။**

ဆွမ်းမွှေးရွက်က သွေးတိုးကျစေပါတယ်။ ဆွမ်းမွှေးရွက်ရေနွေးကြမ်းသောက်ပေးရင် သွေးပေါင်ချိန်ကို ပုံမှန်ထိန်းညှိပေးနိုင်တဲ့အပြင် နှလုံးကျန်းမာရေးကိုပါ ကောင်းကျိုးပြုပါတယ်။

၂။ **အိပ်ပျော်စေတယ်**

ညဘက်ကောင်းကောင်းအိပ်မပျော်သူတွေ၊ အိပ်ပျော်ပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တဲ့သူတွေအတွက် ဆွမ်းမွှေးရွက်ရဲ့ အဆီအနှစ်က ဆေးကောင်းတစ်ခွက်ဖြစ်ပါတယ်။ ဆွမ်းမွှေးရွက်မှာပါဝင်တဲ့ အယ်ကာလွိုက်ဒြပ်ပေါင်းတွေက စိတ်နဲ့ခန္ဓာကိုယ်ကို တည်ငြိမ်အားပြည့်စေနိုင်တဲ့ အာနိသင်တွေရှိသောကြောင့် ကောင်းကောင်းအိပ်ပျော်စေပါတယ်။

၃။ **နာကျင်ကိုက်ခဲမှုကို သက်သာစေတယ်။**

ဆွမ်းမွှေးရွက်မှာပါတဲ့ နာကျင်မှုပြေလျော့စေတဲ့ အာနိသင်ကြောင့် ခေါင်းကိုက်ခြင်း၊ နားကိုက်ခြင်း၊ အဆစ်အမြစ်ရောင်ခြင်း စတဲ့နာကျင်ကိုက်ခဲမှုအမျိုးမျိုးကို သက်သာစေနိုင်ပါတယ်။ အဆစ်အမြစ်နာကျင်တာတွေအတွက် ဆွမ်းမွှေးရွက်ကို နုပ်နုပ်စဉ်းပြီး အုန်းဆီနဲ့ရောကျိုပါ။ သေချာပျော်ဝင်သွားတဲ့အထိ ဆက်မွှေပါ။ အအေးခံပြီး နာကျင်ကိုက်ခဲတဲ့ နေရာကို နှိပ်နယ်လူးပေးရင် ပျောက်ကင်းပါတယ်။

၄။ **အာရုံကြောအားကောင်းစေတယ်။**

ဆွမ်းမွှေးရွက်က အာရုံကြောကျန်းမာရေးအတွက်လည်း သိပ်ကို အကျိုးပြုပါတယ်။ အာရုံကြောတွေ အားနည်းတဲ့အခါ တစ်ခါတစ်ရံ ကြွက်တက်တာ၊ နာကျင်ကိုက်ခဲတာတွေ ဖြစ်တတ်ပါတယ်။ ဒီဝေဒနာတွေအတွက် ဆွမ်းမွှေးရွက်က ကုစားပေးနိုင်ပါတယ်။

၅။ **ခံတွင်းကောင်းစေတယ်။**

ခံတွင်းပျက်တဲ့ပြဿနာက လူတော်တော်များများ စိတ်ညစ်ရတဲ့ ကိစ္စပါ။ စားချင်စိတ်သိပ်မရှိတာ၊ ဘာစားစား စားမကောင်းဘဲ ခံတွင်းပျက်တာက ကြာလာရင် ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ လိုအပ်တဲ့ အာဟာရဓာတ်တွေ မရတော့ဘဲ အားနည်းလာမယ်၊ ကိုယ်ခံအားကျလာမယ်၊ ရောဂါဝင်လွယ်လာတတ်ပါတယ်။

၆။ **ဗောက်ပျောက်စေတယ်။**

ဆံပင်ကျွတ်များခြင်း၊ ဗောက်ထခြင်းတို့အတွက်လည်း ဆွမ်းမွှေးရွက်ကို အသုံးပြုလို့ရပါတယ်။

၇။ **ဆံသားကို နက်မှောင်စေတယ်။**

ဆွမ်းမွှေးရွက် ခုနစ်ရွက်ကို ပြုတ်ပြီး တစ်ညထားလိုက်ပါ။ ထိုရေထဲကို ရဲယိုသီးရောမွှေပြီး ဆံသားတွေကို မနက်စောစောမှာ လိမ်းပေးရင် ဆံသားတွေ နက်မှောင်လာပါလိမ့်မည်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok



## Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း ဆောင်ရွက်

**မိုင်းရှူး ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် အလုပ်တာဝန်ဖြင့် မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများ၊ စာအုပ်၊ စာပေများကို လာရောက်ငှားရမ်းဖတ်ရှုရန် ခက်ခဲသူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် သုတ၊ ရသများ၊ မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များ ငှားရမ်းပေးပြီး လစဉ်စာအုပ်အသစ်များ သွားရောက်လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပလျက်ရှိရာ စာရေးဆရာမ ခင်စုစုစံနှင့် မြနှင်းရည်ရှိန်တို့ ရေးသားထားသည့် "နှလုံးသားဖြင့် နားဆင်ပါ" စာအုပ်ကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

ထိုစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) ဥက္ကဋ္ဌ ဦးထွန်းကြည် (မောင်ကြည်မှူ-ပျဉ်းမနား)၊ အဖွဲ့ဝင် ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း)တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာမ ခင်စုစုစံနှင့် မြနှင်းရည်ရှိန်တို့ ရေးသားထားသည့် "နှလုံးသားဖြင့် နားဆင်ပါ" စာအုပ်တွင် ပါရှိသော ခက်ခဲလှသည့် ရွေးချယ်မှု၊ ပထမဆုံး ခြေလှမ်းသစ်၊ ငါ့စိတ်နှလုံးထဲက Sound Box၊ အတွေးများ၏ ပြောင်းလဲမှတ်၊ စစ်မှန်သောနားလည်မှုဟူသည် စိတ်နှလုံးကို ရရှိနိုင်သော အသိဉာဏ်ပညာ စသည့် ခေါင်းစဉ်များ အပြန်အလှန် ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် Online မှ တစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ်၌ TB Mobile Team အဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက TB Mobile Team အဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့ကျန်းမာရေးစီးဦးဌာန ဦးစီးမှူး ဒေါက်တာလင်းပြည့်သိမ်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်း ၂၀ ဦးခန့်သည် TB Mobile Team အဖွဲ့နှင့်အတူ တီဘီရောဂါရှာဖွေရေး ဓာတ်ခွဲခန်းပါရှိသည့် တီဘီရောဂါကွင်းဆင်းရှာဖွေကုသရေး အထူးယာဉ်ဖြင့် ပြည်သူများအား တီဘီရောဂါရှာဖွေကုသခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ချောင်းရိုး(အ.လ.က)တွင် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့လုလင်ကျေးရွာအုပ်စု၊ ချောင်းရိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း(Book Club) အဖွဲ့ဝင် ဆရာဦးတင်မောင်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ ဆရာဦးဌေးလွင်က ကျောင်းသားလူငယ်များ အားလပ်ချိန်တွင် စာပေဖတ်ရှုခြင်းဆိုင်ရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း အသီးသီး ဟောပြော ဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် အသိပညာပေး စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် ရန္တာလေး

## ဦးညွှတ်မိသည်

* ငယ်စဉ်ဘဝ
ကျောင်းခန်းဝတွင်
မျှော်ရစဉ်လာ
သင်ဆရာတို့
စိတ်မှာကြည်နူး
ဖြစ်ခဲ့ဖူးသည် ။

* အထူးမှတ်ရ
ငယ်ကာလကို
တွေးဆမြင်သိ
ယခုထိတိုင်
သည်းဆိုင်ဘဝင်
စွဲမှတ်ထင်သည် ။

* ဖြစ်ချင်စိတ်မှာ
ထိုထိုဆရာလို
သင်ကာပြသ
တုယူရသည် ။

* ဆရာ့ဟန်ပန်
သွင်သဏ္ဌာန်ကို
ကြိမ်ဖန်များစွာ
ရင်သည်းချာတွင်
မြဲစွာထင်မှတ်
ထပ်ချပ်အသိ
မှတ်ငြိသညာ
ဖျောက်ကာမရ
လက်ဖြာဆယ်မိုး
ဦးထိပ်ကိုးသည် ။

* ဘယ်မျိုးဘယ်ခြေ
ရောက်ရာမြေ. . . ။ ။

**သောင်းမြင့်ဇော်**
**သုံးဆယ်မြေ(မန္တလေး)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်အမှတ်(၉၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ရွှေလှ(ဘ)ဦးမောင်မောင် [MDYNE-၀၀၉၅၂၀] (၉/မရမ(နိုင်)၀၅၃၇၇၂) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းစိုးဝင်း(ဘ)ဦးညိုခင်(၉/မသန(နိုင်)၀၀၀၂၆၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်လှညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေနွယ်(ဘ)ဦးအငယ်(ခ)စိုင်းဆမ်(၁၃/တကန(နိုင်)၃၁၃၄၄၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစန္ဒာထက် (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၈၅၀၄၉၃၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၇)၊ ဦးပိုင်အမှတ် (၁၄)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဒု-ဗိုလ်မှူးကြီး ညွန့်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ စီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ကြည်ကြည်အေး(ဘ) ဦးမောင်မောင်(၁၂/အစန(နိုင်)၁၀၅၃၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များနှင့် တကွဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် ကိစ္စနှင့် အမည်ပြောင်းခြင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၂)၊ ဦးပိုင်နံပါတ်(၃၉/၂)အတွင်းမှ အရှေ့အနောက် (၂၁)ပေ×တောင်မြောက် (၃၄)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူများဖြစ်သည့် ဦးချစ်ကိုကို(ဘ)ဦးကျော်ထွန်း (၉/မရတ(နိုင်)၀၅၇၇၄၅)နှင့် ဒေါ်စိန်စိန်ထွေး(ဘ)ဦးညိုမောင်(၅/ဝသန(နိုင်)၀၃၇၅၅၉)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မျိုးသန္တာထွေး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၁၆)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၄၄၉၂၉၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၅)၊ ဦးပိုင်အမှတ်(၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ယဉ်ယဉ်မော်(ဘ)ဦးခင်မောင်ညို(၇/ဒဥန(နိုင်)၀၀၀၄၄၁) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မော်(ဘ)ဦးခင်မောင်ညို(၇/ဒဥန(နိုင်) ၀၀၀၄၄၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးသန်းရွှေ (B.A (Hist), H.G.P) ဦးအောင်ဖြိုးမောင် (LL.B) ဒေါ်နန်းဖြူဖြူအေး (B.Sc.PGDL)**

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ရွှေရွှေမာ(ဘ)ဦးအေး(၉/မရမ(နိုင်)၀၀၈၉၂၃) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက်၏ ဦးဝင်းရွှေ အမည်ပါ မြေချထားမိန့်မူရင်း(၁)စောင်နှင့် ငွေသွင်းပြေစာမူရင်း(၂)စောင် တို့မှာ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ကျွန်တော် ဦးနေမျိုးထက်(ဘ)ဦးကျောက်ခဲ(၅/ရဥန(နိုင်) ၀၆၁၄၉၃)၏ လက်ဝယ်တွင် အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့်သက်ဆိုင်သော ဦးဝင်းရွှေ အမည်ပါ မြေချထားမိန့်မူရင်း(၁)စောင်နှင့် ငွေသွင်းပြေစာမူရင်း(၂)စောင်တို့အား သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် မူရင်းခွဲ/မိတ္တူမှန် လျှောက်ထားသွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ တွေ့ရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးထက်(ဘ)ဦးကျောက်ခဲ(၅/ ရဥန(နိုင်)၀၆၁၄၉၃)**

**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၆၅၅၄၂**

## ကန်တော်ကြီးအရှေ့ခြမ်း၊ အဆင့်မြင့်လူနေတိုက်ခန်း၊ အဆောင်အမှတ်(၆)၊ အခန်းအမှတ်(၂) မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၈)၌ တည်ရှိသော ကန်တော်ကြီးအရှေ့ခြမ်း၊ စည်ပင်သာယာပိုင် အဆင့်မြင့်လူနေတိုက်ခန်း သုံးထပ်အဆောက်အအုံ၊ အဆောင်အမှတ်(၆)၊ အခန်းအမှတ်(၂) မြေညီထပ်တိုက်ခန်းကို (၂၈-၂-၂၀၁၄) ရက်စွဲပါဖြင့် လွှဲပြောင်းရောင်းချသူ ဒေါ်ကြည်ကြည်မာထွေး(၉/မရတ(နိုင်)၀၂၃၁၄၆) အကွက်(၅၀၀) မြသီတာရပ်နေသူထံမှ ညီအစ်မနှစ်ဦးဖြစ်သော (၁) ဒေါ်ချိုချိုယု(အဘ)ဦးလှကြွယ်(၆/ပလန(နိုင်)၀၄၀၁၆၅)၊ (၂) (ညီမအရင်း) ဒေါ်စန္ဒာထွေး(အဘ)ဦးလှကြွယ်(၆/ပလန(နိုင်)၀၄၇၂၈၁)တို့မှ ကာလတန်ဖိုးငွေကျပ် ၃၃၆ သိန်း(ကျပ်သုံးရာသုံးဆယ့်ခြောက်သိန်းတိတိ)ဖြင့် တန်ဖိုးကို အညီအမျှပေးချေပြီး ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ယနေ့အချိန်ထိ ဒေါ်ချိုချိုယုနှင့် (ညီမ)ဒေါ်စန္ဒာထွေး အညီအမျှ ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ညီအစ်မနှစ်ဦးပိုင်ပစ္စည်းအား တစ်ဦးတည်းပိုင်ပစ္စည်းဟု မမှန်လိမ်လည်ရောင်းချခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမည်ပေါက်ဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်နိုင်ရန်အတွက် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ မမှန်မကန် ပြုလုပ်လာပါက တိုက်ခန်းနှင့်ပတ်သက်၍ နစ်နာသူ ဒေါ်စန္ဒာထွေးမှ တရားဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရုံး၊ ဌာနများသို့လည်း ကန့်ကွက်စာများ တင်ထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်စန္ဒာထွေး(အဘ)ဦးလှကြွယ်(၆/ ပလန(နိုင်)၀၄၇၂၈၁)** | **ဦးမောင်မောင်အေး(ခ)ကိုအေး (LL.B, D.B.L, C.A.B.S (Eco), D.B.S)** |
| **အဆောင်(၄)၊ အခန်း(၂၈)၊** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၉၂)** |
| **ကန်တော်ကြီးအရှေ့ခြမ်းတိုက်ခန်း၊ သံ/တောင်ရပ်ကွက်၊** | **အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊ ၈၄လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊** |
| **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၈၉၉၁၉၆၄** | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၆၅၄၃၃၂၅၊ ၀၉-၂၅၈၉၈၇၈၃၆** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ပတ်လည်အင်းကျေးရွာနေ ဦးနေထက်လင်း(ဘ)ဦးတင်သိန်း(၉/မတရ(နိုင်)၁၉၈၁၆၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်(၃၈၉)၊ နေပူရွာရပ်ရှိ အရှေ့/အနောက် (၁၅)ပေ၊ တောင်မြောက် ပေ(၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး+ ကျောက်ပြားကာ (၂)ထပ် အဆောက်အအုံ၊ မီးမီတာ အပါအဝင်၊ ဝင်းခြံ အကာအရံနှင့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်မိုးဦး(ဘ)ဦးမောင်မောင်ကြီး(၉/ မဟမ(နိုင်)၀၁၃၅၀၁)ကိုင်ဆောင်သူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေ ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက် ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့် သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဇော်ဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၄၈)**

**လမ်း၉၀၊ ၄၂လမ်းနှင့်၄၃လမ်းကြား၊ အကွက်(၄၀၆)၊**

**သပြေညွန့်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၃၈၆၆၇**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၂)၊ ဦးပိုင်အမှတ်(၁-အ/၁၁)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ (နိုင်)၀၄၇၉၄၅)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန တွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၂)၊ ဦးပိုင်အမှတ်(၁-လ)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်) ၀၄၇၉၄၅)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန တွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချသော မြရည်နန္ဒာအိမ်ရာမှ ဦးဝင်းမြင့်(ဘ)ဦးဘသိန်း(၉/မနမ(နိုင်)၀၇၈၆၅၄)အမည်ပေါက် (မမ-၂၇)အတွင်းရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ (၄)ခန်းတွဲ၊ (၄)ထပ်တိုက်၊ တိုက်အမှတ်(၁၀)၊ တိုက်ခန်းအမှတ်(၃၀၃)၊ တတိယထပ်တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိကျော်(ဘ)ဦးကျော်သောင်း(၉/စကန(နိုင်)၀၇၂၅၄၀)မှ အရောင်းအဝယ်စာချုပ်၊ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေများအားလုံးကို ကျွန်ုပ်၏မိတ်ဆွေမှ အပြေအကြေပေးဆပ်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်း၏ အမည်ပေါက် စာအုပ်မူရင်းအား ထုတ်ယူရန်အတွက် မန္တလေးမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ဖြစ်စေ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိကျော်၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူစာဝင်း(LL.B) အထက်တန်းရှေ့နေ (စဥ်–၄၀၆၈၄)**

**ဖုန်း ➤ ၀၉–၄၀၂၅၄၆၈၄၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၂)၊ ဦးပိုင်(၇၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ မြေကွက်မှာ ဦးပွား(ဘ)ဦးပိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်သည်ဟု အဆိုပြုသူဖြစ်သူ ဦးဘီစန္ဒး(ဘ)ဦးချာဘီလားလ်(၁၃/နမတ(နိုင်)၀၄၆၇၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆွေဆွေသင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ညည–၅၃/၃၆၊ ၅၃(B)လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၄၀၂၅၃၁၁၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်မြမြနှင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေနွယ်(ဘ)ဦးအငယ်(ခ)စိုင်းဆမ်(၁၃/တကန(နိုင်)၃၁၃၄၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစန္ဒာထက်(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၅၈၅၀၄၉၃၉**

## အများသိစေရန် ကြေညာခြင်း

